Special Advisory Council for
MYANMAR

# စစ်အုပ်စုသည် ၎င်းတို့၏ အတုအယောင် ရွေးကောက်ပွဲများ မတိုင်မီ အရပ်သားများအပေါ် တိုက်ခိုက်မှုများကို အရှိန်မြှင့်တင်နေ

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်။

မြန်မာစစ်အုပ်စုက ရွေးကောက်ပွဲအကြို ကျူးလွန်လျက်ရှိသည့် အကြမ်းဖက်စစ်ဆင်ရေးများသည် နေ့စဉ်နှင့်အမျှ ပိုမိုဆိုးရွားပြင်းထန်လာလျက်ရှိသည်။ လျင်မြန်စွာ နီးကပ်လာနေသည့် ၎င်းတို့၏ အတုအယောင် ရွေးကောက်ပွဲများမတိုင်မီတွင် စစ်အုပ်စုက အရှိန်မြှင့်လုပ်ဆောင်လာသော တိုက်ခိုက်မှုများမှ မြန်မာအရပ်သားပြည်သူများကို ကာကွယ်နိုင်ရန်အတွက်၊ အာဆီယံနှင့် အဖွဲ့ဝင်နိုင်ငံများ အပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်း အနေဖြင့် အရေးပေါ်ဆောင်ရွက်မှုများ ပြုလုပ်ကြရမည်ဟု မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးကောင်စီ (SAC-M) က ပြောကြားလိုက်သည်။

လာမည့် ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပရန် သတ်မှတ်ထားသည့်ရွေးကောက်ပွဲများနှင့်အတူ၊ စစ်အုပ်စုသည် တော်လှန်ရေးအင်အားစုများထိန်းချုပ်ထားသော နယ်မြေဒေသအများအပြားရှိ အရပ်သားနေအိမ်များ၊ လူစုလူဝေးများနှင့် အခြေခံအဆောက်အအုံများအပေါ် သေကြေပျက်စီးစေသော လေကြောင်းတိုက်ခိုက်မှု စစ်ဆင်ရေးများကို အရှိန်မြှင့်တင် လုပ်ဆောင်လာခဲ့သည်။ ပြီးခဲ့သည့် သီတင်းပတ် တစ်ပတ်တည်းတွင်ပင် ဤကဲ့သို့ ထိတ်လန့်ဖွယ်ရာအကြမ်းဖက်လုပ်ရပ်များနှင့် စုပေါင်းသိမ်းကြုံး ပြစ်ဒဏ်ပေးခြင်း (Collective Punishment) တို့ကြောင့် အရပ်သား အများအပြားသေဆုံးပြီး ထိခိုက်ဒဏ်ရာရရှိခဲ့ကြသည်။

နိုင်ငံတကာလူ့အခွင့်အရေးနေ့ဖြစ်သည့် ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်ရှိ ပြည်သူ့ဆေးရုံတစ်ရုံကို စစ်အုပ်စု၏ တိုက်လေယာဉ်တစ်စီးက ဗုံးကြဲတိုက်ခိုက်ခဲ့သည်။ ယင်းတိုက်ခိုက်မှုကြောင့် အမျိုးသမီးများနှင့် ကလေးငယ်များ အပါအဝင် အနည်းဆုံး လူ (၃၁) ဦး သေဆုံးခဲ့ပြီး၊ နောက်ထပ် (၆၈) ဦး ထက်မနည်း ဒဏ်ရာရရှိခဲ့ကာ  အများစုမှာ စိုးရိမ်ရသည့်အခြေအနေတွင် ရှိနေသည်။ သေဆုံးသူများထဲတွင် လူနာများနှင့် ဆေးရုံဝန်ထမ်းများလည်း ပါဝင်နေပြီး သေဆုံးသူအရေအတွက် ဆက်လက်မြင့်တက်လာမည်ဟု ခန့်မှန်းရသည်။ ၂၀၂၄ ခုနှစ်အတွင်း စစ်ကောင်စီတပ်များကို လျင်မြန်သောစစ်ဆင်ရေးများဖြင့် တိုက်ခိုက်ကာ ရခိုင်ပြည်နယ်၏ဒေသအများစုကို သိမ်းပိုက်ထားသည့် အာရက္ခတပ်တော် (AA) ထိန်းချုပ်ထားသော ရခိုင်ပြည်နယ် မြို့နယ် (၁၇) မြို့နယ်အနက် (၁၄) မြို့နယ်တွင် မြောက်ဦးမြို့နယ်လည်း အပါအဝင်ဖြစ်သည်။

ထိုဖြစ်စဉ်မတိုင်မီ တစ်ပတ်ပင်မပြည့်သေးသော ဒီဇင်ဘာလ ၅ ရက်နေ့ကလည်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဒီပဲယင်းမြို့နယ်ရှိ လက်ဖက်ရည်ဆိုင်တစ်ဆိုင်ကို စစ်အုပ်စု တိုက်လေယာဉ်တစ်စီးက ဗုံးကြဲတိုက်ခိုက်ခဲ့ရာ အရပ်သား အနည်းဆုံး (၁၈) ဦး သေဆုံးပြီး အခြား (၂၀) ဦး ဒဏ်ရာရရှိခဲ့သည်။ သတင်းရင်းမြစ်များ၏အဆိုအရ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ (ဆီးဂိမ်း) အစီအစဉ်အဖြစ် မြန်မာနှင့် ဖိလစ်ပိုင်တို့ ယှဉ်ပြိုင်ကစားသော ဘောလုံးပွဲကို ကြည့်ရှုရန်အတွက် ဒေသခံအများအပြားသည် ထိုလက်ဖက်ရည်ဆိုင်၌ စုဝေး

ရောက်ရှိနေချိန်တွင် တိုက်ခိုက်ခံရခြင်းဖြစ်သည်။ ပြီးခဲ့သည့်မေလကလည်း ဒီပဲယင်းမြို့နယ်၌ပင် စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုကြောင့် အသက် ၇ နှစ်အရွယ် ကလေးငယ်များအပါအဝင် အနည်းဆုံး ကျောင်းသား ၂၂ ဦးနှင့် ဆရာမ ၂ ဦး သေဆုံးခဲ့ရသည့် လူမဆန်လှသည့် ကြမ်းကြုတ်ယုတ်မာရက်စက်သော သေကြေပျက်စီးမှု တစ်ခု ဖြစ်ပွားခဲ့ဖူးသည်။

စစ်အုပ်စုက မြောက်ဦးနှင့် ဒီပဲယင်း နှစ်မြို့နယ်စလုံးကို "စစ်အုပ်ချုပ်ရေး" (Martial Law) ကြေညာထားပြီး၊ အဆိုပါဒေသများတွင် ရွေးကောက်ပွဲကျင်းပနိုင်စွမ်းမရှိသည့်အတွက် ရွေးကောက်ပွဲပြုလုပ်မည်မဟုတ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

ဤတိုက်ခိုက်မှုများသည် အတုအယောင်ရွေးကောက်ပွဲများမတိုင်မီ ၎င်းတို့ကို ဆန့်ကျင်သူဟု ယူဆရသူများ အပေါ် ပစ်မှတ်ထား၍၊ စုပေါင်းသိမ်းကြုံးပြစ်ဒဏ်ခတ်ခြင်းကို ရည်ရွယ်ချက်ရှိရှိဖြင့် ပုံစံတကျ ကျူးလွန် နေကြောင်း ရှင်းလင်းစွာပေါ်လွင်စေသည်။

**"ဒီလေကြောင်းတိုက်ခိုက်မှုတွေဟာ ရွေးကောက်ပွဲမှာ မဲပေးသူအရေအတွက်ကို စစ်အုပ်စုက သူတို့လိုချင် သလို ပုံဖော်ချယ်လှယ်ဖို့ အသုံးပြုနေတဲ့ လက်နက်ကိရိယာတစ်ခုပါပဲ။ သူတို့ မထိန်းချုပ်နိုင်တဲ့နယ်မြေတွေကို ဗုံးကြဲတိုက်ခိုက်ပြခြင်းအားဖြင့်၊ သူတို့ လက်လှမ်းမီတဲ့ဒေသက ပြည်သူတွေကိုလည်း ကြောက်ရွံ့ထိတ်လန့် သွားစေမယ့် သတိပေးချက်တစ်ရပ်ပေးလိုက်တာလည်းဖြစ်တယ်။ ဒါဟာ ရက်စက်ကြမ်းကြုတ်မှုတွေကို အသုံးပြုပြီး မဲဆန္ဒနယ်မြေအခင်းအကျင်းကို မသမာတဲ့နည်းနဲ့ သူတို့ပါတီ အသာစီးရရှိရန် ပုံဖော်ဖန်တီး နေခြင်း (Gerrymandering through atrocities) ပဲ ဖြစ်တယ်"** ဟု SAC-M အဖွဲ့ဝင် Yanghee Lee က ပြောကြား ခဲ့သည်။

တိုက်ခိုက်မှုများအပြင်၊ စစ်အုပ်စုသည် သေဒဏ်ကဲ့သို့သော ကြီးလေးပြင်းထန်သည့်ပြစ်ဒဏ်များ ချမှတ်ကာ ၎င်းတို့နှင့် သဘောထားကွဲလွဲသူများကို အပြစ်ပေးနိုင်ရန်အတွက် "ရွေးကောက်ပွဲကာကွယ်စောင့်ရှောက်ရေး" ဥပဒေအပါအဝင် ဖိနှိပ်ချုပ်ချယ်သော "ဥပဒေများ" ကိုလည်း တွဲဖက်အသုံးပြုလျက်ရှိသည်။ လက်ရှိအချိန်တွင် မြန်မာ့ဒီမိုကရေစီနည်းကျ ရွေးကောက်ခံခေါင်းဆောင်များစွာအပါအဝင် အနည်းဆုံး နိုင်ငံရေးအကျဉ်းသား (၂၂,၆၉၁) ဦးသည် စစ်အုပ်စု၏ မတရား ဖမ်းဆီးထိန်းသိမ်းခြင်းကို ခံထားရဆဲဖြစ်သည်။

စစ်အုပ်စု၏ ရွေးကောက်ပွဲများသည် တရားဝင်မှုရရှိရန်အတွက် အသည်းအသန် ကြိုးပမ်းအားထုတ်မှု တစ်ခုသာ ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် ဤအတုအယောင်လုပ်ငန်းစဉ်နှင့် ယင်းမှ ထွက်ပေါ်လာမည့်ရလဒ်များကို ပြတ်ပြတ်သားသားငြင်းပယ်ရမည်ဖြစ်သည်။ ထို့ပြင် စစ်အုပ်စု၏ လက်ရှိအနေအထားနှင့်သာမက အနာဂတ်တွင် ပြောင်းလဲလာမည့်မည်သည့်ပုံသဏ္ဍာန်နှင့်မဆို ထိတွေ့ ဆက်ဆံရန် ငြင်းဆိုခြင်းအားဖြင့် ၎င်းတို့အား အသက်ဆက်ခွင့်မရအောင် ဖြတ်တောက်ပိတ်ဆို့ထားရမည် ဖြစ်သည်။

Special Advisory Council for

MYANMAR

ထို့အပြင် SAC-M အနေဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၊ အာဆီယံနှင့် နိုင်ငံအသီးသီးတို့ကိုလည်း တိုက်တွန်းတောင်းဆိုလိုက်သည်မှာ စစ်အုပ်စု၏ ရက်စက်ကြမ်းကြုတ်မှုများကို အဆုံးသတ်နိုင်ရန်အတွက် ၎င်းတို့၏ လက်နက်၊ လေယာဉ်ဆီနှင့် ငွေကြေး ရရှိမှုလမ်းကြောင်းများကို ပိတ်ဆို့ဖြတ်တောက်ခြင်း၊ နိုင်ငံရေး အကျဉ်းသားအားလုံးကို ချက်ချင်းလွှတ်ပေးရန် တောင်းဆိုခြင်းနှင့် မင်းအောင်လှိုင် အပါအဝင် စစ်အုပ်စု အပေါင်းအပါများကို ၎င်းတို့ကျူးလွန်ခဲ့သောရာဇဝတ်မှုများအတွက် အပြည့်အဝတာဝန်ခံမှုရှိစေခြင်း စသည့် ရှင်းလင်းပြတ်သားပြီး ထိရောက်မှုရှိသောအဆင့်များကို လုပ်ဆောင်ကြစေရန်ဖြစ်သည်။

နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် မြန်မာ့ဒီမိုကရေစီရေးအတွက် တရားဝင် ကြိုးပမ်းဆောင်ရွက်နေသော ပါဝင်ဆောင်ရွက်နေသူများကို တရားဝင်အသိအမှတ်ပြုရန်နှင့် ထောက်ပံ့ကူညီမှုများကို သိသိသာသာ တိုးမြှင့်ပေးရန်လိုအပ်သည်။ သို့မှသာလျှင် ၎င်းတို့ မကြာခဏထုတ်ဖော်ပြောဆိုလေ့ရှိသည့် ဒီမိုကရေစီ၊ တန်းတူညီမျှရေး၊ တရားမျှတမှု၊ လူ့အခွင့်အရေးစံနှုန်းများနှင့်အညီ လက်တွေ့ကျင့်သုံးရာရောက်မည်ဖြစ်ပြီး၊ မြန်မာပြည်သူလူထု၏ ဆန္ဒသဘောထားနှင့် အကျိုးစီးပွားကို အဓိက ဦးစားပေးရာရောက်မည်ဖြစ်သည်။

info@specialadvisorycouncil.org
www.specialadvisorycouncil.org
@SpecialCouncil
special-council.bsky.social